## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၇/၂၀၁၈)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၇/၂၀၁၈)အား ၂၀၁၈ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေး အမှတ်စဉ် (၇/၂၀၁၈)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြု လုပ်ငန်း (၂) ခုနှင့် အတည်ပြု လုပ်ငန်း(၆)ခု စုစုပေါင်းလုပ်ငန်း (၈)ခု ခွင့်ပြုခဲ့ပါသည်။ အတည်ပြုလုပ်ငန်း (၆)ခုမှာ ရန်ကုန် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြု ခဲ့သည့်လုပ်ငန်း (၅)ခု၊ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုသည့် လုပ်ငန်း (၁)ခု ရှိသဖြင့် ယခုအစည်းအဝေး ကာလအတွင်း စုစုပေါင်း လုပ်ငန်း (၈)ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ (၃၃.၂၉၉)သန်းကို ခွင့်ပြု/ အတည်ပြု ပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ် အကိုင် အခွင့်အလမ်းပေါင်း (၄,၆၃၀) ခုကို ဖန်တီးပေး မည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း(၈)ခုမှာ စက်မှုကဏ္ဍမှ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း မေလ အထိ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ခွင့်ပြု/ အတည်ပြု ပေးခဲ့မှုမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၅)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၉၇.၁၃၆)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၁၄၈.၀၅၆ )သန်း ဖြစ်ပါသည်။ အထူးစီးပွားရေးဇုန် ဥပဒေအရ သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၄၅.၃၀၀) သန်း ခွင့်ပြုခဲ့သဖြင့် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၆၇.၁၀၀) သန်း ဖြစ်ပါသည်။

အစည်းအဝေး အမှတ်စဉ် (၇/၂၀၁၈)တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၀) ခုကို အတည်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် ရန်ကုန်တိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုပေးခဲ့သည့် လုပ်ငန်း (၅)ခု နှင့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြု ပေးခဲ့သည့် လုပ်ငန်း (၁)နှင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ

Email: dica@mptmail.net.mm
Website: www.dica.gov.mm

အတည်ပြုသည့် လုပ်ငန်း (၄)ခုရှိသဖြင့် စုစုပေါင်း လုပ်ငန်း (၁၀)ခုမှ ရင်းနှီးမြှုပ်နှံ မှုပမာဏ အမေရိကန် ဒေါ်လာ (၄.၈၅၉) သန်း အပါအဝင် ကျပ် (၂၂,၉၉၃.၉၀၂) သန်း အတည်ပြုပေးခဲ့ ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်း လုပ်သားများ အတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါင်း (၁,၄၆၄)ခု ကို ဖန်တီးပေးမည် ဖြစ်ပါသည်။ အတည်ပြု လုပ်ငန်း (၁၀)ခု မှာ ဟိုတယ် ကဏ္ဍ (၁)ခုနှင့် စက်မှုကဏ္ဍ (၉)ခုတို့ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း မေလ အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၃၄)ခု၊ အမေရိကန် ဒေါ်လာ (၁၁၈.၃၂၈) သန်း အပါအဝင် ကျပ် (၆၅၈,၇၇၉.၅၉၉) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံ မှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၁၉.၄၇၆) သန်း အပါအဝင် ကျပ် (၆၆၇,၈၇၀.၅၉၉)သန်း ခွင့်ပြုပြီးဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm